**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
**Website:** chinland.org **Email:** cnf.headquarters@gmail.com

# ချင်းအမျိုးသားတပ်ဦး၏ သတ္တမအကြိမ် ညီလာခံ ထုတ်ပြန်ကြေညာချက်

၁။ ချင်းအမျိုးသားတပ်ဦး၏ သတ္တမအကြိမ် ညီလာခံကို ၂၀၂၀ ခုနှစ်၊ မတ်လ (၁၆) ရက်မှ (၁၉) ရက်အထိ ဝိတိုရိယ ဗဟိုဌာနချုပ်တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်တွင်း၊ ပြည်ပမှ ချင်းအမျိုးသားတပ်ဦး/တပ်မတော် ကိုယ်စားလှယ်နှင့် လေ့လာသူ စုစုပေါင်း (၁၅၁) ဦး ပါဝင်တက်ရောက်ခဲ့ကြသည်။

၂။ ညီလာခံတွင် ဆဋ္ဌမအကြိမ် ညီလာခံသက်တမ်းမှ လုပ်ငန်းအစီရင်ခံစာများအပေါ် တင်ပြအတည်ပြုခြင်းနှင့် လက်ရှိ အစိုးရ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် နိုင်ငံတကာ နိုင်ငံရေးအခင်းအကျင်းတို့အပေါ် သုံးသပ်ခြင်းနှင့် မှတ်တမ်းတင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

၃။ သတ္တမအကြိမ် ညီလာခံက တပ်ဦး၏ နိုင်ငံရေး ရည်မှန်းချက်ပန်းတိုင်အဖြစ် -

(က) ချင်းအမျိုးသားတို့၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (Self-determination) ပြန်လည်ရရှိရေး၊

(ခ) ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အပြည့်အဝရှိပြီး နိုင်ငံရေး တန်းတူမှုရှိသော အမျိုးသားပြည်နယ်များနှင့် ပထဝီအခြေခံပြည်နယ်များဖြင့် စုဖွဲ့ထားသည့် ဖက်ဒရယ်ပြည်ထောင်စု ထူထောင်ရေး၊

(ဂ) ဒီမိုကရေစီစနစ်တည်ဆောက်ရေး ဟူ၍ ချမှတ်သည်။

၄။ ချင်းအမျိုးသားတပ်ဦး၏ ငြိမ်းချမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်အဖြစ် -

ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - ၂၁ ရာစု ပင်လုံ အစည်းအဝေးများ၏ အစုအဖွဲ့အသီးသီးတွင် ပါဝင်ကြသော ချင်းအမျိုးသားများအနေဖြင့် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် ၂၁ ရာစု ပင်လုံ အစည်းအဝေးသို့ တင်သွင်းမည့် အဆိုပြုလွှာများနှင့်ပတ်သက်ပြီး ချင်းအမျိုးသားများ၏ နိုင်ငံရေး ဘုံသဘောထားရရှိနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်ပြီး ပြည်သူလူထုထံသို့ အချိန်နှင့်တပြေးညီ တင်ပြနိုင်ရေးနှင့် အဆိုပြုချက်များ ရယူနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။

၅။ လက်ရှိ မြန်မာ့တပ်မတော်နှင့် Arakan Army (AA) အကြား ဖြစ်ပွားနေသော စစ်ရေးပဋိပက္ခသည် ချင်းအမျိုးသားများအပေါ် စစ်ရာဇဝတ်မှု ကျူးလွန်ခြင်းများ ရှိနေခြင်းကြောင့် ချင်းအမျိုးသားများအတွက် အရေးပေါ်အခြေအနေ ရောက်နေပြီဟု မှတ်ယူသည်။ ထို့ကြောင့် မြန်မာ့တပ်မတော်နှင့် AA အနေဖြင့် ချင်းအမျိုးသားပိုင်နက်နယ်မြေ အတွင်း တိုက်ပွဲများ ချက်ချင်းရပ်တန့်ရန်နှင့် AA အနေဖြင့် ချင်းပြည်နယ်နှင့် ချင်းလူမျိုးများ နေထိုင်ရာဒေသများ တွင် စစ်ရေးအရ အခြေချလှုပ်ရှားနေထိုင်ခြင်း လုံးဝမပြုရန် အလေးအနက် တောင်းဆိုသည်။

၆။ ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်နှင့် ရခိုင်ပြည်နယ်အတွင်းရှိ ချင်းလူမျိုးများ နေထိုင်ရာဒေသများတွင် တိုက်ပွဲများကြောင့် လူမှုဒုက္ခအတိ ခံစားနေကြရသော ဒေသခံချင်းပြည်သူများအတွက် လိုအပ်သော လူမှုကူညီထောက်ပံ့မှုများနှင့် ပြန်လည်နေရာချထားနိုင်ရေးကို ချင်းပြည်နယ်အစိုးရ၊ ပြည်တွင်းပြည်ပရှိ ချင်းအမျိုးသားများ၊ အဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များအနေဖြင့် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆက်လက်တာဝန်ယူ ဆောင်ရွက်ပေးကြရန်နှင့် ဖော်ပြပါ လုပ်ငန်းစဉ်များကို ချင်းအမျိုးသားတပ်ဦးမှ နည်းလမ်းပေါင်းစုံအသုံးပြုပြီး ကမကထပြု အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

၇။ ချင်းအမျိုးသားတပ်ဦး၏ သတ္တမအကြိမ်ညီလာခံသက်တမ်းအတွင်း တပ်ဦးကို ဦးဆောင်မည့် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးနှင့် လက်ထောက်အထွေထွေအတွင်းရေးမှူးများကို အောက်ပါအတိုင်း ရွေးချယ်ဖွဲ့စည်းသည်။

(၁) Pu Zing Cung - ဥက္ကဋ္ဌ
(၂) Pu Thang Ning Kee - ဒုတိယဥက္ကဋ္ဌ ၁
(၃) Dr. Lian Hmung Sakhong - ဒုတိယဥက္ကဋ္ဌ ၂
(၄) Dr. Sui Khar - ဒုတိယဥက္ကဋ္ဌ ၃
(၅) Salai Thla Hei - အထွေထွေအတွင်းရေးမှူး
(၆) Salai Ram Kulh Cung - လက်ထောက်အထွေထွေအတွင်းရေးမှူး ၁
(၇) Salai Htet Ni - လက်ထောက်အထွေထွေအတွင်းရေးမှူး ၂
(၈) Pu HC. Ral Hnin - လက်ထောက်အထွေထွေအတွင်းရေးမှူး ၃

**သတ္တမအကြိမ်ညီလာခံ**
**၂၀၂၀ ခုနှစ်၊ မတ်လ (၁၉) ရက်**

ဆက်သွယ်ရန်-

Salai Thla Hei
အထွေထွေအတွင်းရေးမှူး၊ ချင်းအမျိုးသားတပ်ဦး
ဖုန်း +၉၅ ၉၇၉ ၅၇၅ ၄၄၃၅
+၉၅ ၉၄၅ ၂၀၅ ၄၄၈၈